


# ကျနော်မြင်တဲ့ မီဒီယာစစ်ပွဲ

ဒီဆောင်းပါးကို တော်လှန်ရေးသမားတွေကို အားပေးပြီး ကိုယ်တိုင်တော်လှန်ရေး မလုပ်တဲ့ သူငယ်ချင်း တစ်ယောက်ကြည့်ခိုင်းလို့ ကြည့်မိလိုက်တဲ့ ဘလော့လေးတစ်ခုကို အကြောင်းပြုပြီး ရေးဖြစ်ပါတယ်။ ပထမဆုံး တွေးမိတာ ကျနော်တို့ လမ်းတွေ ချော်နေပြီလား ဆိုတဲ့ အကြောင်းပဲ။ နအဖ လျှောက်စေ့ချင်တဲ့ လမ်းကြောင်းကို ကျနော်တို့ အများစုရောက် ကုန်ပြီလားဆိုတဲ့ မေးခွန်းကို ကျနော် တတ်သလောက် သုံးသပ်ကြည့်ခြင်းလဲ ဖြစ်ပါတယ်။

ကျနော်တို့ လက်ရှိ ဖြတ်သန်းနေရတဲ့ ကာလဟာ တကယ်တော့ တော်တော်ကို တိတ်ဆိတ်ပြီး စိတ်မရှည်စရာ ကောင်းတဲ့ အချိန်ပါ။ မုန်တိုင်း အသေးလေးတိုက်ပြီး တလောကလုံး တိတ်စိတ်ငြိမ်သက်နေတဲ့ ကာလမျိုး။ ကြီးကျယ်တဲ့ စစ်ပွဲတစ်ခုအတွက် စစ်ပွဲအသေးလေး တစ်ခု အပြီးမှာ အနားယူနေတဲ့အခါမျိုး ဖြစ်ပါတယ်။ နှစ်ဘက်လုံး အနေနဲ့လဲ ဒါဟာ နောက်ဆုံးတိုက်ပွဲဆိုတာကို သဘောပေါက်ပြီး ကိုယ်လူတွေနဲ့ကိုယ် အသီးသီး ခေါင်းခြင်းရိုက် ပြင်ဆင်နေကြတဲ့ အချိန်ဖြစ်ပါတယ်။ ဒီလိုအခါမျိုးမှာ တစ်ဘက်နဲ့တစ်ဘက် (PsyWar) စစ်အေးကာလ ဖြစ်တာကြောင့် အမြင်မှာ စကားလုံးတွေနဲ့ တိုက်ခိုက်နေကြရင်း ပွဲသိမ်းလက်သီးထိုးဖို့ စောင့်ကြည့်နေကြတဲ့ အခါလဲ ဖြစ်ပါတယ်။ နအဖ ဘက်ကတော့ နည်းမျိုးစုံနဲ့ အတိုက်အခံတွေ စိတ်ဓါတ်ကျအောင် တိုက်ပွဲပုံစံ ရောထွေးအောင် နည်းမျိုးစုံဘက် ပေါင်းစုံကနေ ကြံစည်နေတာ ဖြစ်သလို၊ အတိုက်အခံတွေဘက်ကလဲ ခြေသံလုံနိုင်သမျှလုံအောင် လူထုအနေနဲ့လဲ စိတ်ဓါတ်မကျအောင် ရပ်တည်နေရတယ်လို့ နားလည်ပါတယ်။

## မီဒီယာကို မီဒီယာနဲ့ တိုက်

ဒီစကားလုံးဟာ နအဖ ရဲ့ စက်တင်ဘာနောက်ပိုင်း ကာလသုံးလာတဲ့ ဗျူဟာတစ်ခု ဖြစ်ပါတယ်။ စက်တင်ဘာမှာ ဘလော့တွေ၊ အွန်လိုင်း မီဒီယာတွေကနေတဆင့် သတင်းတွေ တဟုန်ထိုး စီးဆင်းတာကို မြင်ပြီးတဲ့နောက်ပိုင်း မျက်စိစုံမှိတ်ပြီး တင်လာတဲ့ လမ်းကြောင်း တစ်ခု ဖြစ်ပါတယ်။ နအဖ အနေနဲ့ မီဒီယာကို မီဒီယာနဲ့တိုက်ဆိုတဲ့ ကိစ္စဟာ စကားလုံးသာရှိပြီး တိုက်စရာ စစ်မှန်တဲ့ အချက်အလက်ဘာတစ်ခုမှ မရှိတာကို သူတို့ကိုယ်တိုင်လဲ သိပါတယ်။ တကယ့် မီဒီယာတိုက်ပွဲဆိုတာမျိုးက နှစ်ဘက်လုံးရှိတဲ့ မီဒီယာသမားတိုင်းကို တာဝန်ယူနိုင်တာကို လွတ်လွတ်လပ်လပ် ရေးခွင့်ပေးတာမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ နအဖ ပြောတဲ့ မီဒီယာတိုက်ပွဲဆိုတာ ဆန့်ကျင်ဘက်ဆန်တဲ့ အရေးအသား မှန်သမျှကို တင်းတင်းကြပ်ကြပ် ပိတ်ဆို့၊ တားစည်းခြင်းနဲ့ တဘက်သတ် ဝါဒဖြန့်ချီရေး ဘလော့တွေ၊ အွန်လိုင်း သတင်းတွေ တည်ထောင်အားပေးတာပဲ ဖြစ်ပါတယ်။ အတိုက်အခံတွေရဲ့ ဘလော့တွေ၊ သတင်းလွှင့်ဌာနတွေကိုတော့ ပိတ်ဆို့တားဆီးထားတာပဲဖြစ်ပါတယ်။ နအဖ ရဲ့ မီဒီယာတိုက်ပွဲ ပုံစံ ကို ကျနော် အကြမ်းအားဖြင့် နားလည်တာကတော့ ... ...

၁။  နိုင်ငံရေး သမားလူဟောင်း တွေကို မီဒီယာစင်ပေါ်ခေါ်တင် ပြီး လူထုကို နားလည်မှု ရှုပ်ထွေအောင် လုပ်ခြင်း
၂။ လူထုစိတ်ဝင်စားတဲ့ လူတန်းစားတွေရဲ့ သာမန်ကိစ္စများကို မှန်ဘီလူးတပ်ခြင်း
၃။ နအဖ ဘက်သားဘလော့တွေ ကတဆင့် အတိုက်အခံ ဘလော့ရေးသားသူတွေကို တိုက်ပွဲ လမ်းလွှဲခြင်း

### ၁။  နိုင်ငံရေး သမားလူဟောင်းတွေကို မီဒီယာစင်ပေါ်ခေါ်တင်ပြီး လူထုကို နားလည်မှု ရှုပ်ထွေအောင် လုပ်ခြင်း

နအဖ လက်ကိုင်တုတ် မြတ်ခိုင်ရဲ့ လျှပ်တပြက်ဂျာနယ် (ကျနော်လဲ အွန်လိုင်းက ဖတ်လို့ရတဲ့ အဲဒီ တစ်ခုပဲ လက်လှမ်းမီတယ်) ကတဆင့် သခင်တင်မြ၊ ဗိုလ်အောင်ကြီးတို့လို နိုင်ငံရေးသမား လူဟောင်းတွေကို အင်တာဗျူးလုပ်တာမျိုးတွေ ဖြစ်တယ်။ စက်တင်ဘာမှာ မျက်စိပွင့်လာတဲ့ မဆလ ခေတ်နိုင်ငံရေး နောက် ၁၉၉၀ နိုင်ငံရေးအခြေအနေကို သေချာမသိထားတဲ့ လူတွေကို အသိအမြင် ရှုပ်ထွေးအောင် ရည်ရွယ်ချက်ရှိရှိ ပွဲထုတ်တာဖြစ်ပါတယ်။ ထုံးစံအတိုင်း NLD နဲ့ ကွန်မြူနစ်ကို ဆက်စပ်ပြတယ်။ ကွန်မြူနစ် မကောင်းကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး အခန်းကို မှိန်အောင် အားထုတ်ထားတာ ဖြစ်ပါတယ်။ နောက် သခင်တင်မြ၊ ဗိုလ်အောင်ကြီး စတဲ့ အစဉ်အလာရှိတဲ့ လူတွေကတဆင့် အမျိုးသားညီလာခံနဲ့ RM (လမ်းပြမြေပုံ) ကို ထောက်ခံသင့်တယ်ဆိုတဲ့ အသိမျိုးကို သွယ်ဝိုက်တဲ့ လမ်းကြောင်းတွေနဲ့ တင်သွင်းတာ ဖြစ်တယ်။

## ၂။ လူထုစိတ်ဝင်စားတဲ့ လူတန်းစားတွေရဲ့ သာမန်ကိစ္စများကို မှန်ဘီလူးတပ်ခြင်း

ဒီကိစ္စကတော့ နအဖ အမြဲသုံးလေ့ရှိတဲ့ နည်းလမ်းဖြစ်တယ်။ ဗိုလ်ခင်ညွန့် သြဇာရှိစဉ်ကတည်းက အကြိမ်ကြိမ် အသုံးချခဲ့ပြီးလဲ ဖြစ်တယ်။ စက်တင်ဘာပြီးတဲ့ နောက်ပိုင်းမှာ နန္ဒလှိုင် ဖုန်းပြောတဲ့ အခွေထွက်လာတာမျိုးဟာ လူထုကို အနည်းနဲ့အများ အာရုံပြောင်း နိုင်စေတယ်ဆိုတဲ့ ရည်ရွယ်ချက်ပါတဲ့ လုပ်ရပ်ဖြစ်တယ်။ နောက် နာမည်ကြီးမင်းသား တစ်ယောက်နဲ့ မင်းသမီးတစ်ယောက်ရဲ့ စကားပြော အခွေ ရှိတယ်။ နောက် ဗီဒီယို အတိုလေးတွေ ထွက်လာတာလဲ ရှိတယ်။ ဒါတွေဟာ အပေါ်ယံတွေးရင် ကာယကံရှင်တွေရဲ့ ပေါ့ဆမှုကြောင့် လူတွေလက်ထဲ ရောက်လာတယ်လို့ ထင်စရာရှိပေမဲ့ နန္ဒလှိုင်တို့ ပြောတဲ့ စကားတွေထဲမှာ မြန်မာ့ရုပ်ရှင်လောကရဲ့ ထိတ်ဆုံး ပုဂ္ဂိုလ်ကနေ မနေ့တစ်နေ့က မင်းသားဖြစ်တဲ့လူထိ အတွင်းရေး အကုန်ပါတယ်။ ကိုယ်သေတွင်း ကိုယ်တူးသလိုပဲ။ တဖက်က တွေးရင်လဲ ကျနော်တို့ နိုင်ငံမှာ ပုဂ္ဂလိက ဖုန်းကုမ္ပဏီ တစ်ခုမှ မရှိတဲ့ အချက်ဟာလဲ တွေးစရာအချက်တစ်ခု ဖြစ်ပါတယ်။ နောက် အော်တို အိတ်ချိန်းတွေ သုံးနေတဲ့ ခေတ်မှာ ဘယ်သူမှလဲ အလကားနေရင်း သူများ ဖုန်းတွေကို ထိုင်နားထောင်နေမယ် မထင်ပါဘူး။ ကျနော်တို့ နိုင်ငံမှာ သူများဖုန်း နားထောင်ပြီး ပိုက်ဆံရတာ ဘယ်လို လူတွေဆိုတာကတော့ လူတိုင်း သိပြီးသားပါ။

## ၃။ နအဖ ဘက်သားဘလော့တွေကတဆင့် အတိုက်အခံ ဘလော့ရေးသားသူတွေကို တိုက်ပွဲ လမ်းလွှဲခြင်း

အပေါ်နစ်ချက်က အရေးမကြီးတာ မဟုတ်ပေမဲ့ ကျနော်တို့ ဘက်ကနေပြန်ပြီး ထိန်းကြောင်းခေါ်ယူသွားလို့ ရပါတယ်။ ဒီ နံပတ် သုံး အချက်ကတော့ နိုင်ငံရေးကို အစဉ်တစိုက် လေ့လာပြီး လုပ်လာတာ မဟုတ်ပဲ စက်တင်ဘာမှာ နအဖ ရဲ့ ရက်စက်တဲ့ သတ်ဖြတ်မှုတွေကို မြင့်ပြီး ရှိသလောက် အသိနဲ့ ရေး နေရတဲ့ ဘလော့ရေးသူတွေအတွက် တော်တော် သတိထားဖို့ ကောင်းပါတယ်။ နအဖ က ဘလော့တွေက တဆင့်တိုက်တဲ့ နေရာမှာ ပိတောက်မြေလို ညက်ညက်လေးနဲ့ ပညာသားပါပါ တိုက်ခိုက်တဲ့ ပုံစံနဲ့ ကျေးစေတမန် က ရဲဘော် အောင်ထက်ရဲ့ တုတ်ကြီး (တုတ်ကြီး ခေတ္တတာဝတီ သာ မဟုတ်ပါ) နာမည်နဲ့ ရေးတဲ့ NLD ကို လူမှုရေး ဒေါင့်ကနေ တိုက်ခိုက်တဲ့ ဆောင်းပါး အမျိုးအစားတွေ ဖြစ်ပါတယ်။ ပိတောက်မြေရဲ့ ရည်ရွယ်ချက် နအဖ ကောင်း၏ မကောင်း၏ အတိုက်အခံ ကောင်း၏ မကောင်း၏ ပြောဆိုတာထက် RM ကို လက်ခံလာအောင် ကြားလူဟန်နဲ့ ကောင်းချီးပေးခြင်း ဖြစ်ပါတယ်။ ရဲဘော် အောင်ထက်ခေါ် တုတ်ကြီးကတော့ သမီးရည်စား ကိစ္စတွေလိုမျိုး ပုဂ္ဂိုလ်ရေး ကိစ္စတွေကို တိုက်ခိုက်တဲ့ ပုံစံဖြစ်ပါတယ်။

ခုဆို ကျနော်တို့ဘက်က ဘလော့ရေးတဲ့ လူငယ်တွေကလဲ ရှုရှားရောက် စစ်ဗိုလ်ငယ်တွေရဲ့ သမီးရည်စား ကိစ္စတွေကို ပြန်ရေးတာမျိုး မရမက လိုက်စုံစမ်းကြတာမျိုးတွေ ဖြစ်လာပါတယ်။ ဒါတင်မကဘူး ရှုရှားက အရာရှိငယ်တွေ အချင်းချင်း မိန်းကလေးကိစ္စပေါ် အခြေခံတဲ့ ပြဿနာတွေကို ဒီဘက် မီဒီယာတွေဆီကို ပို့တာ ဖြစ်ပါတယ်။ (ကိုနစ်နေမန်း ကြုံတဲ့ ပြဿနာမျိုးပါ) အမှန်တော့ ဒီ ခြင်ထောင် သံ ထွက်နေတဲ့ ကိစ္စတွေဆိုတာ လူရယ်လို့ ဖြစ်လာရင် အနည်းနဲ့အများတော့ ရှိမှာပါပဲ။ ကျနော်တို့ အနေနဲ့ နိုင်ငံခေါင်းဆောင်က အစ သူတောင်းစားအဆုံး သာမန်လူတွေ ဖြစ်တယ်ဆိုတဲ့ အချက်ကို နားလည်ရင် ဒါတွေဟာ နိုင်ငံရေး စစ်မျက်နှာကို တတ်လာဖို့ ဘာအကြောင်းမှ မရှိဘူးဆိုတာ ကျနော်တို့ ဘက်ကလူတွေ သဘောပေါက်ထားဖို့ပါ။ ကျနော်တို့ လူမျိုးတွေက ကိုယ်ချစ်တဲ့ လေးစားတဲ့ လူကို သူတော်စင် တစ်ယောက်နီးပါး ကြည်ညိုလေ့ ရှိပါတယ်။ နအဖ သတင်းစာတွေမှာ ဖော်ပြတဲ့ ဆောင်းပါ အချို့မှာဆို ဒေါ်အောင်ဆန်းစုကြည်ကို ဘိုကတော် ဆိုတာမျိုးတွေ သုံးလေ့ရှိပြီး ဝန်ကြီး အောင်သောင်းရဲ့ ကြံဖွတ်တွေကို ပြောတဲ့ အတွင်းမိန့်ခွန်းတွေမှာဆိုရင် အယဉ်ကျေးဆုံး အသုံးအနှုန်းက ကုလားကုန်းမနဲ့ ဘိုကုန်းမ ဆိုတဲ့ အလုံးတွေပဲ ဖြစ်တယ်လို့ သိရပါတယ်။ ကျနော်တို့ ခင်ဗျားတို့ကို တော်လှန်ရေးက စောင့်နေပါတယ်။ ကျနော်တို့ သူများ ခြင်ထောင်ကို ဝင်မကြည့်ဖို့ မလိုသလို ပြန်လည်တိုက်ခိုက်ဖို့လဲ မလိုပါဘူး။ တကယ်လို့ ဒီလို သူ့ဘက်က ခြင်ထောင်ထဲ ကိုယ်တွေက ချောင်းကြည့်ပြီး အော်လိုက်၊ ကိုယ်တွေ ဘက်က ခြင်ထောင်ထဲ သူတို့က ချောင်းပြီး အော်လိုက် လုပ်နေရင် နအဖ အကြိုက် ဖြစ်သွားပါလိမ့်မယ်။ နအဖ တီးတဲ့ တီးလုံးကို ကိုယ်က လိုက်'က'သလို ဖြစ်နေပါလိမ့်မယ်။

## သတိပေးချင်တဲ့အကြောင်း

နောက်ဆုံး ဖတ်လိုက်ရတဲ့ (ဆောင်းပါးအစမှာ ရေးခဲ့တဲ့) ဘလော့မှာဆို ပြည်ပရောက် အမျိုးသမီးငယ် တစ်ယောက်ရဲ့ အကြောင်းရေးထားတာပါ။ ကြည့်ရတဲ့ ပုံက ပုဂ္ဂိုလ်ရေးပြဿနာကို နိုင်ငံရေးပြဿနာနဲ့ ရောထွေးပြီး ရှင်းထားဟန် တူပါတယ်။ ပုံမှန်ဘလော့ရေးနေတဲ့ လူအုပ်ထဲကလဲ မဟုတ်နိုင်ဘူးလို့ ထင်ပါတယ်။ ကျနော့အနေနဲ့ အဲဒီ အမျိုးသမီး ဘယ်သူဘယ်ဝါဆိုတာ မသိပေမဲ့ တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်။ ကျနော်လုပ်မှ ဖွသလို ဖြစ်သွားမှာ စိုးရိမ်တဲ့အတွက် ဘလော့ နာမည်ကိုတော့ မဖော်ပြတော့ပါဘူး။ ဒါပေမဲ့ ဒီလို

တိုက်ခိုက်မှုတွေကို ရှုံ့ချတယ်ဆိုတာကိုတော့ ပြောချင်ပါတယ်။ ကလောင်ပိုင်ထားတဲ့ လူအားလုံး အနေနဲ့လဲ ဒီလို တိုက်ခိုက်မှုတွေ မလုပ်ဖို့ သတိပေးချင်ပါတယ်။ ခြင်ထောင် ကိစ္စနဲ့ တိုက်ခိုက်မှုတွေဟာ အကောင်းထက် အဆိုးကို ပိုများလာစေဖို့လဲ ရှိပါတယ်။  အောက်ခြေအရာရှိငယ်တွေရဲ့ လုံတံပစ်ပြိုင်ပွဲသတင်း မပြောနဲ့ တကယ်တမ်း ပိုလ်သန်းရွှေသမီး လူမှုရေး ဖောက်ပြန်ခဲ့လို့ သတင်းရေးနိုင်ခဲ့ရင်တောင် တော်လှန်ရေး ချက်ချင်းအောင်သွားဖို့ မရှိပါဘူး။ နအဖ ကို လူထုက အမြင်အရ အသိအရကို မုန်းတီးထား ပြီးဖြစ်ပါတယ်။ ကျနော်တို့ ဘက်ကလူတွေ ကို ခြင်ထောင်သတင်းတွေနဲ့ တိုက်ခိုက်လို့လဲ ဒေါသနဲ့ တုံ့ပြန်ဖို့ မလိုပါဘူး။ အားလုံးဟာ သာမန်လူတွေ ဖြစ်တယ်ဆိုတဲ့ အသိနဲ့ နားလည်ပေးဖို့ လိုပါတယ်။ ကလင်တန်ရဲ့ ခြင်ထောင်ကိစ္စ (မော်နီကာလူ ဝင်စကီ) ဟာ အမေရိကန် ပြည်ထောင်စုကို ဘယ်လို ဒုက္ခမှ မပေးခဲ့ကြောင်း သတိရှိပါ။ ပုဂ္ဂိုလ်ရေး သိက္ခာဆိုတာဟာလဲ ခြင်ထောင် ကိစ္စတစ်ခုထဲနဲ့ တည်ဆောက်ထားတာ မဟုတ်ပါဘူး။ နအဖ ဆွဲခေါ် တဲ့ လမ်းကြောင်းကို မလိုက်မိဖို့ အထူး သတိပေးလိုပါတယ်။

## ဒီမိုကရေစီဘက်သားတွေ ဘာလုပ်နေလဲ

ဒါဟာ ကျနော်က အစ နိုင်ငံရေးခေါင်းဆောင်၊ တော်လှန်ရေး ခေါင်းဆောင်တွေ အဖွဲ့အစည်းတွေနဲ့ အလှမ်းဝေးတဲ့ သူတိုင်း အားမလိုအားမရ တွေးမိနေတဲ့ အတွေးပါ။  စက်တင်ဘာကို ဖြတ်သန်းစဉ် အချိန်နဲ့ စက်တင်ဘာအလွန် နီးကပ်တဲ့ ကာလတွေမှာ အင်တာနက်သတင်းစာ မျက်နှာတွေ၊ ဘလော့တွေမှာ သတင်းတွေ ဆောင်းပါတွေနဲ့ နေ့စဉ် မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေရာကနေ အခုအခါမှာ သတင်းအနည်းနဲ့ ဆောင်းပါးထုထည်ဟာ သိသိသာသာ လျော့ကျသွားတဲ့ အချက်က အားလုံးရဲ့ စိတ်ကို အားမလိုအားမရ ဖြစ်စေပါတယ်။ ဒါပေမဲ့ ဒါဟာ လက်ရှိကာလရဲ့ ပုံမှန်အနေအထားပါပဲ။ ပြည်တွင်းလူထု လုပ်ရှားမှုတွေ ခေတ္တငုတ်လျှိုးနေတဲ့အခါမှာ ပြည်ပခေါင်းဆောင်တွေ၊ ပြည်တွင်းမှာ ကျန်ရှိနေသေးတဲ့ ခေါင်းဆောင်တွေ အားလုံးဟာ ပွဲသိမ်းတိုက်ပွဲအတွက် ကိုယ်စီပြင်ဆင်နေတာ ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်နေတဲ့ အကြောင်းကို အသေးစိတ် အချက်အလက်တိုင်း အင်တာနက်စာ မျက်နှာတွေ၊ သတင်းဌာနတွေ ဘလော့တွေမှာ ဖော်ပြဖို့တော့ မျှော်လင့်လို့ မရပါဘူး။  ရန်သူကို စိတ်ဓါတ်ရေးရာ တိုက်စစ်အရ၊ မျှော့သွေးစမ်းဖို့ လိုအပ်ချက်အရ ထုတ်ပြန်သင့်တဲ့ သတင်းအချို့ကလွဲ လို့ သိပ်များများ စားစား မျှော်လင့်လို့ မရနိုင်ပါဘူး။ နောက်တစ်ချက်က ဒီမိုကရေစီ ဘက်တော်သားတွေ အနေနဲ့ နအဖ သတင်းစာတွေလို ဆောင်းပါးဖြစ် ပြီးရောဆိုတဲ့ အထာနဲ့ရေးသား နေသူတွေ တစ်ယောက်မှ မရှိပါဘူး။ နောက်တစ်ခုက ကျနော်တို့ ဒီမိုကရေစီ ဘက်သားတွေ အနေနဲ့ နအဖ ဖားတွေလို နအဖ မကောင်းကြောင်း ဝါဒဖြန့်ဖို့လဲ မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုဟာ နအဖ ရဲ့ ပကတိ အနေအထားကို ဈေးတွေ၊ သွေးတွေ၊ ဘဝတွေ၊ အသက်တွေနဲ့ ရင်းနှီး သိထားပြီးလို့ ဖြစ်ပါတယ်။ ပြည်သူအများစု ဒီအချိန်မှာ သိလိုတဲ့ တစ်ခုထဲသော မေးခွန်းဖြစ်တဲ့ နအဖ ကို ဘယ်လို ဖြုတ်ချပစ်မလဲဆိုတဲ့ မေးခွန်းကိုတော့ သတင်းဌာနတွေက တဆင့်ဖြေဆိုဖို့ ဖြစ်နိုင်မယ် မထင်ပါဘူး။ လိုအပ်တဲ့ အချိန်မှာ ဘာတွေလုပ်ကြမယ် ဘာတွေလုပ်ရမယ်ဆိုတာ ပုံပေါ်လာပါလိမ့်မယ်။ ကျနော်တို့ အားလုံး အဲဒီအချိန်မှာ ဘယ်လိုနေရာက ပါဝင်မလဲဆိုတာ ကိုယ့်ကိုကိုယ် တောင်းဆိုထားဖို့ပဲ လိုအပ် ပါတယ်။

တကယ်တော့ မီဒီယာတိုက်ပွဲဆိုတာ စိတ်ဓါတ်ရေးရာ ထိုးနက်ဖို့အတွက် ကျနော်တို့ မလွဲမသွေ တိုက်ခိုက်ရမဲ့ စစ်မြေပြင်ဆိုတာ မှန်ပေမဲ့ ဘယ်ဘောင်အတွင်းမှာ တိုက်မယ်ဆိုတာကိုတော့ ကိုယ့်ဘက်က သတ်မှတ်ထားဖို့ လိုအပ်ပါတယ်။ ဘောင်ကျော်လာတဲ့ တိုက်ခိုက်မှုမျိုးကို တုံ့ပြန်တိုက်ခိုက်ဖို့ မလိုသလို ကိုယ်ဘက်ကလဲ ဘောင်ကျော်တိုက်ခိုက်မှုမျိုး မလုပ်ကျဖို့ သတိပေးပါရစေ။ နအဖ ဘက် က တိုက်ခိုက်လာရင်လဲ အပျင်းပြေ သတင်းတစ်ပုဒ်အနေနဲ့သာ ဖတ်လိုက်ရုံ ပဲရှိပါတယ်။ လူထုတရပ် လုံးပါတဲ့ တော်လှန်ရေးမှာ ခေါင်းလဲ ပါမယ်၊ မိန်းမပျက်လဲ ပါမယ်၊ နစ်ပိုင်းတစ်ပိုင်းတွေလဲ ပါမယ်၊ ဆိုက်ကားသမားလဲ ပါမယ်၊ သူခိုးလဲ ပါမယ်၊ ဆိုတာကိုတော့ သတိမမေ့စေ ချင်ပါဘူး။ တော်လှန်ရေးအ တွက် အရေးမပါတဲ့ သတင်းတွေအပေါ် အပြန်အလှန် ငြင်းခုန်တိုက်ခိုက် ထိုးနက်နေ ကြမဲ့အစား မကြာခင် ဖြစ်ပေါ်လာတော့မဲ့ နောက်ဆုံးတိုက်ပွဲအတွက် ကိုယ်စီကိုယ်စီ တတ်နိုင်တဲ့ နေရာအတွက် ပြင်ဆင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

မိုးထက်နေ

(ဒီစာထဲမှာပါတဲ့ ဆိုဒ်လင့်တွေ ဗီဒီယိုတွေအတွက် မိုးထက်နေ လိုက်ကြည့်နေလို့ သိတာပေါ့ ဆိုတဲ့ အလုံးတွေနဲ့ တိုက်ခိုက်လဲ လုံးဝ အိပ်ရေးပျက်ခံမည် မဟုတ်ပါ။ ကျနော်လဲ သာမန်လူ တစ်ယောက် ဖြစ်ပါတယ်။)